mgyoe.com


# ဖားမင်းသမီးလေးပုံပြင်နှင့်

## ဖတ်ချင်စဖွယ်နိုင်ငံရပ်ခြားပုံပြင်များ

ဇွဲပိုင်ဦး-ပြန်ဆိုတင်ဆက်သည်။



mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၀၀၀ ကျပ်

၈၀၈·၈၃
ဖားမင်းသမီးလေးပုံပြင်နှင့်ဖတ်ချင်စဖွယ်နိုင်ငံရပ်ခြားပုံပြင်များ
ငွေပိုင်ဦး - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၃၀၊ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) ဖားမင်းသမီးလေးပုံပြင်နှင့်ဖတ်ချင်စဖွယ်နိုင်ငံရပ်ခြားပုံပြင်များ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဖားမင်းသမီးလေးပုံပြင်နှင့် ဖတ်ချင်စဖွယ် နိုင်ငံရပ်ခြားပုံပြင်များ

ဇွဲပိုင်ဦး
မြန်မာပြန်

ပထမအကြိမ်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


– ဖားမင်းသမီးကလေးပုံပြင်

| | | |
|---|---|---|
| အခန်း(၁) | ဖားမလေး မွေးဖွားခြင်း | ၁ |
| အခန်း(၂) | လယ်သမားကြီး ဇနီးသေဆုံးခြင်း | ၄ |
| အခန်း(၃) | ဘုရင်ကြီးမှ မင်းသားအား အိမ်ထောင်ပြုရန် တိုက်တွန်းခြင်း | ၇ |
| အခန်း(၄) | ခေါင်းဆေးမင်္ဂလာပွဲသို့ ညီအစ်မနှစ်ဦး သွားရောက်ခြင်း | ၉ |
| အခန်း(၅) | မင်းသားလေး၏ခေါင်းဆေးမင်္ဂလာပွဲ | ၁၂ |
| အခန်း(၆) | ပထမတာဝန်ပေးအပ်ခြင်း | ၁၅ |
| အခန်း(၇) | ဒုတိယတာဝန်ပေးအပ်ခြင်း | ၁၉ |
| အခန်း(၈) | မင်းသားလေး ထီးနန်းအမွေရရှိခြင်း | ၂၁ |

| | |
|---|---|
| – အမှန်ကိုသိသွားတဲ့ ဒေစီပန်းလေး | ၂၅ |
| – အတုံ့အလှည့်ကစားပွဲ | ၂၉ |
| – မှော်ဆန်ဆန်ပန်းကန်ပြား | ၃၂ |
| – မှင်စာလေးအတွက် စာပုံးအိမ် | ၃၆ |
| – မင်းသားလေးနဲ့ ရေသူမလေး | ၃၉ |
| – မေရီနဲ့ ထင်းရှူးတောအုပ်လေး | ၄၃ |
| – ဆောင်းမနက်ခင်းတစ်ခု | ၄၆ |


mgyoe.com

mgyoe.com


– လိမ္မာတဲ့ ဝက်ကလေး ဘလက်ကီ ၄၉
– မီးခြစ်ဆံလေးရဲ့ဖြစ်ရပ် ၅၂
– ဂျွန်အတွက် လက်ဆောင်မွန် ၅၅
– ကံကောင်းခြင်းနဲ့ အလီဘာဘာ ၅၉
– ခရီးသွားနှစ်ယောက်နဲ့ ဝက်ဝံကြီး ၆၂
– အကြံပေးကောင်းတဲ့ သူငယ်ချင်း ၆၅
– ငန်းပေါက်လေးကို လိုချင်တဲ့ ရှိစလင်း ၆၈
– နှင်းလူသားရဲ့ ပင်လယ်ခရီး ၇၁
– ခါလီဖိနဲ့ သေမင်း ၇၄
– သတို့သမီးရှာပုံတော် ၇၇
– ဇရာမမြွေကြီး ၈၀
ကံမကောင်းတဲ့ သူခိုး ၈၃
မြစ်ထဲက ဖားတစ်ခုနဲ့ တွမ် ၈၆
– အဲလစ်နဲ့ ခွေးကလေး ပါပီ ၈၈
– တိုနီ မြင်းရဟတ်စီးခြင်း ၉၁
– ပွေးကောင်လေးနဲ့ တောင်ပို့ ၉၄
– ကျောင်းပြေးလေးများ ၉၆
– ဖျံကလေးနဲ့ သူငယ်ချင်းများ ၉၉
– အထူးအဆန်း မြင်းရထား ၁၀၁
– အလုပ်စုံကျွမ်းကျင်သူတစ်ယောက်မှ အကသို့ ၁၀၄
– စိတ်ကူးကောင်းတဲ့ ကျီးလေး ၁၀၇
– မဖြစ်နိုင်တာ လက်လျှော့ခဲ့တဲ့ မြေခွေး ၁၀၉
– လောဘကြီးတဲ့ အဘိုးအို ၁၁၁
– ကိုယ့်အရိပ်ကို ရန်သူထင် ၁၁၃


mgyoe.com

mgyoe.com


– ခံလိုက်ရတဲ့ 'ကျီး' ၁၁၅

– ခြသေ့်ကို ကယ်ခဲ့တဲ့ ကြွက်လေး ၁၁၇

– ယုန်နဲ့ လိပ်တို့ အပြေးပြိုင် ၁၁၉

– အဘိုးအိုနဲ့ သား ခုနစ်ယောက် ၁၂၁

– နှုတ်မစောင့်တဲ့ သိုးကျောင်းသား ၁၂၃

– ဝက်ဝံပြောတဲ့စကား ၁၂၅

– အပြန်အလှန်ကျေးဇူး ၁၂၇

– ရိုးသားတဲ့ သစ်ခုတ်သမား ၁၂၉


●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


# ဖားမင်းသမီးကလေးပုံပြင်

## အခန်း (၁)
## ဖားမလေး မွေးဖွားခြင်း

တစ်ခါတုန်းက ပုဂံပြည်ကြီးမှာ လယ်သမား လင်မယားနှစ်ယောက် ရှိခဲ့သည်။ သူတို့နှစ်ဦးဟာ အိမ်ထောင်သက်တမ်းကြာခဲ့ပေမယ့် သားသမီး မထွန်းကားဘဲ ရှိနေခဲ့သည်။ ထိုအခြေအနေကို သူတို့ မကျေနပ်နိုင်၊ အိမ်နီးနားချင်း ပတ်ဝန်းကျင်မိသားစုများကဲ့သို့ ကလေး လိုချင်ကြသည်။ ဒီလိုနဲ့ နေထိုင်လာရင်း တစ်နေ့မှာတော့ လယ်သမားကြီး၏ ဇနီးမှာ ကိုယ်ဝန်ရလာခဲ့သည်။ သူတို့နှစ်ဦး ပျော်မဆုံးရွှင်မဆုံး ရှိနေခဲ့ကြသည်။ လယ်သမားကြီး ဇနီး၏ကိုယ်ဝန်ကို ကြည့်ရင်း သူတို့ နှစ်ဦး ကြည်နူးစရာစကားတွေ ပြောဖြစ်ကြသည်။

"ရှင်မရေ ... မင်းသာ ယောကျ်ားလေးမွေးရင် တော်တော်ကောင်းမယ်ကွာ၊ တို့ယာလုပ်ငန်းမှာ ပိုပြီးအဆင်ပြေတာပေါ့"၊ တစ်ဖန် ဇနီးဖြစ် သူကလည်း "အို ... တော်ကလည်း ကျွန်မကတော့ မိန်းကလေးပဲ လိုချင်တယ်ရှင့်၊ ဒါမှ အိမ်မှုကိစ္စတွေမှာ နိုင်နိုင်နင်းနင်းနဲ့လိမ္မာရေးခြားရှိတဲ့ သမီးလေးဖြစ်လာမှာပေါ့" လို့ စိတ်ကူးတွေကို အပြန်အလှန်ပြောဆိုခဲ့ကြသည်။ သူတို့ရဲ့ တက်ကြွလန်းဆန်းနေတဲ့

mgyoe.com

mgyoe.com





ပုံစံကို မြင်နေရတဲ့ ပတ်ဝန်းကျင်က လူတွေလည်း ပျော်နေခဲ့ကြသည်။

ပဟေဠိဆန်တဲ့ ဒီကိုယ်ဝန်လေးအတွက် သူတို့လင်မယား အလုပ်တွေ ကြိုးစားခဲ့သည်။ နဖူးကချွေး ခြေမကျသည်အထိ ရှာပြီး မစားရက် မသောက်ရက် စုဆောင်းနေခဲ့ကြသည်။ လောကကြီးထဲကို ခြေချလာတော့မယ့် သူတို့ရဲ့ မျှော်လင့်ချက်အနာဂတ်လို့ သဘောထားပြီး ဒီဗိုက်ထဲက ကလေးအတွက် ကြိုးစားနေခဲ့ကြသည်။

mgyoe.com

mgyoe.com


ဒီလိုနဲ့ လအနည်းငယ်အကြာမှာတော့ လယ်သမားကြီး၏ဇနီး မီးဖွားပါတော့သည်။ အံ့သြမှင်တက်ခြင်းများနဲ့ မယုံနိုင်စရာကောင်းသော အဖြစ်အပျက်တစ်ခုပင် ဖြစ်နေပါသည်။ သူတို့မှာ ထိုဖြစ်ရပ်အတွက် ရှက်လည်းရှက်၊ ဒေါသလည်းထွက်၊ ဝမ်းလည်းနည်း၊ အိမ်နီးနားချင်းတွေသိမှာလည်း ကြောက် ခြေမကိုင်မိ၊ လက်မကိုင်မိ အခြေအနေဖြစ်ရပါသည်။ ဘယ့်အတွက်ကြောင့်ဆိုသော် လယ်သမားကြီး၏ ဇနီးမွေးဖွားသည်မှာ လူမဟုတ်ဘဲ ဖားမကလေးတစ်ကောင်ဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။

မည်သို့ပင်ရှိစေကာမူ မိမိရင်မှလွယ်ပြီး မွေးခဲ့ရတာမို့ လယ်သမားကြီးလင်မယားနှစ်ဦးစလုံး ဖားမကလေးအပေါ် ချစ်ခဲ့ပါသည်။ အိမ်နီးချင်းများကလည်း ယဉ်ကျေးချိုသာစွာပြောဆိုတတ်တဲ့ ဖားမကလေးကို ဝိုင်းပြီးခင်မင်ကြသည်။ တစ်ရွာလုံးက သူ့ကို 'ဖားမလေး' ဟုသာ ချစ်စနိုးခေါ်ကြသည်။ ဖားမလေးသည် မိခင်နဲ့အတူ အိမ်မှုကိစ္စရပ်များကို တတ်နိုင်သရွေ့ ဝိုင်းကူပေးပါသည်။ လယ်သမားလင်မယားမှာ ခုလို ဖားမလေးနဲ့ ဆုံဆည်းလာရခြင်းမှာ ရှေးရေစက်ကြောင့်သာ ဖြစ်မည်ဟု တွေးနေကြပါတော့သည်။

* * *

mgyoe.com

mgyoe.com


## အခန်း (၂)
## လယ်သမားကြီး ဇနီးသေဆုံးခြင်း

ပယ်သမားကြီးလင်မယားနှစ်ယောက်နဲ့ ဖားမလေးတို့မိသားစုဟာ ပျော်ရွှင်စွာနေထိုင်လာခဲ့ကြသည်။ ဖားမလေးလည်း တဖြည်းဖြည်း အရွယ်ရောက်လာခဲ့သည်။ ဒီလိုနဲ့ တစ်နေ့တော့ ဖားမလေးအတွက် ကံဆိုးသော နေ့တစ်နေ့သည် မဖိတ်ခေါ်ဘဲ သူ့ထံ ရောက်လာခဲ့သည်။ အကြောင်းကတော့ သူသိပ်ချစ်တဲ့အမေ နေထိုင်မကောင်းဖြစ်ပြီး ဆုံးပါးခဲ့သည်။ ဖခင်ဖြစ်သူက အကြိမ်ကြိမ် နှစ်သိမ့်ရှာသည်။

"မငိုပါနဲ့ သမီးရယ် ... သေချိန်တန်လို့ သေရတာပဲကွယ်၊ ဘယ်တတ်နိုင်ပါ့မလဲ၊ အဖေလည်း သမီးလိုပဲ သိပ်ခံစားရပါတယ်" ဆိုပြီး ဖျောင်းဖျသည်။ လယ်သမားကြီးက အနည်းငယ် စဉ်းစားလိုက်မိသည်။ "အင်း ... သမီးလေးအတွက် အမေတစ်ယောက်ရအောင် ငါနောက်ထပ် အိမ်ထောင်ပြုလိုက်မှပဲ' လို့ တွေးလိုက်သည်။ လယ်သမားကြီးသည် သူ့အတွေးအတိုင်းပင် အိမ်ထောင်ပြုလိုက်သည်။

သူ့ထူထောင်လိုက်သော ဒုတိယအိမ်ထောင်မှာ မုဆိုးမဖြစ်ပြီး သူနှင့်အတူ သမီးနှစ်ယောက်ပါ အဆစ်ပါလာသေးသည်။ အဲဒါက

mgyoe.com

mgyoe.com




ပြဿနာမဟုတ်ပေ။ ပြဿနာက နောက်မိန်းမပါလာသော သမီးနှစ်ယောက်မှာ ရုပ်ဆိုးသည့်အပြင် ရိုင်းလည်းရိုင်းကြသည်။ သမီးအကြီးမှာ မကြွယ်၊ သမီးအငယ်မှာ မနွယ်ဖြစ်သည်။ သူတို့နှစ်ဦးမှာ ဖားမလေးနဲ့ သက်တူရွယ်တူများလည်း ဖြစ်ကြသည်။ အမှန်တော့ လယ်သမားကြီး၏အတွေးမှာ သူ့မယားပါသမီးနှစ်ယောက်နှင့် ဖားမလေးတို့ ရင်းနှီးသည့် ဆွေမျိုးရင်းချာများ ဖြစ်လာမည်ဟု ထင်ခဲ့သည်။

အိမ်နီးနားချင်းများလည်း ရိုင်းစိုင်းလှသော မကြွယ်နဲ့ မနွယ်တို့ကို အခေါ်အပြော မလုပ်ကြ။ လမ်းတွေ့လျှင်ပင် ရှောင်သွားကြပါသည်။ ဒါ့အပြင် လယ်သမားကြီး၏ နောက်မိန်းမမှာလည်း ဖားမလေးအပေါ်မှာ အကြင်နာတရားမရှိ ရက်စက်လှသည်။ သူ့သမီးနှစ်ယောက်ကို ဂရုစိုက်သလောက် ဖားမလေးအပေါ် မညှာတာဘဲ အိမ်မှုကိစ္စများ

mgyoe.com

mgyoe.com


မတရားခိုင်းသည်။ သို့သော် ဖားမလေးမှာ ပြောသမျှ နားထောင်သည်။ ခိုင်းသမျှလုပ်သည်။ ဖခင်ဖြစ်သူ စိတ်ဆင်းရဲမှာကို မလိုလားသော ကြောင့် ဖြစ်သည်။ တစ်ခါတလေ အဝေးကို ထွက်သွားမယ်လို့ ကြံ စည်သည်အထိ ရင်ထဲမှာ ခံစားရသည်။ အဲဒီလိုအခါတိုင်း ဆုံးပါးသွား ခဲ့ရသူ မိခင်အရင်းကို လွမ်းမိလေသည်။

ရင်ထဲမှာ ခံစားရသမျှကို ဖားမလေးတစ်ယောက် ဘယ်သူ့ကိုမှ ထုတ်မပြော၊ ဖြစ်သမျှအကြောင်း အကောင်းသာ သဘောထားသည်။ မိထွေးသည် သူ့သမီးတွေကို ဝတ်ကောင်းစားလှတွေ ဆင်သည်။ ဖား မလေးကိုတော့ ဖြစ်သလိုပင်။ အိမ်နီးချင်းများက ဖားမလေးအဖြစ်ကို နှစ်ညိုမြင်နေရလို့ သူ့အတွက် ကရုဏာဒေါသဖြစ်ကြသည်။ ဖားမက လေးတော့ မည်သို့မျှမတုံ့ပြန်။ နေမြဲအတိုင်းသာနေပြီး အားလုံးနဲ့ အဆင်ပြေအောင်သာ ပေါင်းသင်းဆက်ဆံနေလေသည်။

* * *

mgyoe.com

mgyoe.com


## အခန်း (၃)

## ဘုရင်ကြီးမှ မင်းသားအား အိမ်ထောင်ပြုရန် တိုက်တွန်းခြင်း

ပုဂံပြည်ကို အစိုးရသော မင်းကြီးတွင် သားတော်အိမ်ရှေ့မင်းသားလေး ၄ ပါး ရှိသည်။ သားတော် လေးပါးစလုံးမှာ အရွယ်ရောက်နေသူများ ဖြစ်ပြီး သားတော်အကြီးသုံးပါးကတော့ အိမ်ထောင်ရှင်များ ဖြစ်ကြသည်။ အငယ်ဆုံး အိမ်ရှေ့မင်းသားလေး မင်းနန္ဒာကတော့ လူပျိုဘဝနှင့်သာ ပျော်ရွှင်နေလေသည်။ ဘုရင်ကြီးကတော့ သားတော်ငယ်လေး မင်းနန္ဒာကို အိမ်ထောင်ပြုစေလိုသည်။ ဤသို့ဖြင့် ဘုရင်ကြီးသည် သားတော် မင်းနန္ဒာကို အိမ်ထောင်ချပေးမည်ဟု ဆုံးဖြတ်လိုက်လေသည်။

တစ်နေ့၌ ဘုရင်ကြီးသည် သားတော် မင်းနန္ဒာကို ခေါ်ပြီး "သားတော် မင်းနန္ဒာ ... ခုဆိုရင် သားတော် အရွယ်လည်း ရောက်နေပြီ၊ ပညာတွေလည်း သင်ကြားပြီးပြီ၊ ဒီတော့က သားတော်ကို ခမည်းတော် အိမ်ထောင်ချပေးချင်တယ်" လို့ ပြောသည်။ သားတော် မင်းနန္ဒာမှာလည်း ချစ်သူရည်းစားလည်း မရှိတာမို့ ဖခင်အလိုအတိုင်း ခေါင်းညိတ်လိုက်လေသည်။ သို့သော် ဘုရင်ကြီးသည် သားတော်အတွက် မင်္ဂလာကိစ္စအတွက် သတို့သမီးကို ဝင်ရောက်မစွက်ဖက်ဘဲ ကိုယ်တိုင် ရွေးချယ်ရန် ခွင့်ပြုထားသည်။

mgyoe.com

mgyoe.com


ဒီလိုနဲ့ ဘုရင်ကြီးဟာ မင်းမျိုးမင်းနွယ်တို့ရဲ့ မင်္ဂလာပွဲထုံးစံအတိုင်း သားတော်လေး မင်းနန္ဒာရဲ့ လက်ထပ်ပွဲအတွက် သတို့သမီးလောင်းကို ခေါင်းဆေးမင်္ဂလာအပြီးမှာ ရွေးချယ်မည်ဖြစ်ပြီး မင်းသားလေးရဲ့ ခေါင်းဆေးမင်္ဂလာအခမ်းအနားကို တိုင်းပြည်တွင်းမှာရှိတဲ့ မိန်းမပျိုမှန်သမျှ အားလုံးလာရောက်ရမည်ဟု အမိန့်တော် ထုတ်ပြန်လေသည်။ နန်းတွင်းမင်းမှုထမ်းများမှာလည်း ဘုရင်ကြီးအမိန့်တော်အတိုင်း တစ်ပြည်လုံးအနှံ့ လိုက်လံ၍ မောင်းခတ်ကြေညာစေလေသည်။

ထိုသတင်းကို ညီအစ်မနှစ်ယောက် ကြားသည်နှင့်တစ်ပြိုင်နက်ပွဲကို မဖြစ်မနေတက်ရောက်ပြီး ဝင်ရောက်အရွေးခံရန် ဆုံးဖြတ်လိုက်ကြသည်။ မကြွယ်က "ဒါ တို့အတွက် အခွင့်အရေးကောင်းပဲ မနွယ်ရေ၊ ငါတို့ လက်လွတ်ခံလို့ မဖြစ်ဘူး၊ အိမ်ရှေ့မင်းသားလေးရဲ့ မိဖုရားဖြစ်ခွင့်ရမှာပေါ့" ဆိုပြီး သူတို့ကို မင်းသားလေးက သေချာပေါက် ရွေးမယ်လို့ တွက်ထားသည်။ ဖားမလေးလည်း အဲဒီသတင်းကို ကြားလေသည်။ သူလည်း မင်းသားလေးရဲ့ ခေါင်းဆေးမင်္ဂလာပွဲကို မြင်ဖူးချင်သည်။ သတို့သမီးအဖြစ် ဝင်အရွေးခံရဖို့တော့ သူဆန္ဒမရှိချေ။

"ညီအစ်မတို့ရေ ... ကျွန်မလည်း မင်းသားလေးပွဲကို ရောက်ဖူး၊ မြင်ဖူးချင်လိုက်တာရှင်၊ ကျွန်မကိုလည်း အတူတူ လိုက်ခွင့်ပေးစေချင်ပါတယ်။ သတို့သမီးလောင်း ဝင်အရွေးခံဖို့ မဟုတ်ပါဘူးရှင်" လို့ ပြောကာ တောင်းဆိုလေသည်။ သို့သော်မဲ့ မကြွယ်တို့ကတော့ ဖားမလေးကို သူတို့နဲ့ အတူခေါ်ဖို့ အစီအစဉ်လုံးဝမရှိ၊ မယုံကြည်သော ပုံစံမျိုးနဲ့ မလိုက်ဖို့ ငြင်းပယ်လိုက်လေသည်။ ဖားမလေးခမျာ လိုက်ခွင့်မရသဖြင့် စိတ်ပျက်ဝမ်းနည်းမိလေသည်။

* * *

mgyoe.com

mgyoe.com


# အခန်း (၄)
# ခေါင်းဆေးမင်္ဂလာပွဲသို့ ညီအစ်မနှစ်ဦး သွားရောက်ခြင်း

သာယာလှပတဲ့ မနက်ခင်းတစ်ခုမှာတော့ ပုံဂံပြည့်ရှင်မင်းကြီး၏ နန်းတော်တွင် အငယ်ဆုံးသားတော်လေး မင်းနန္ဒာ၏ ခေါင်းဆေးမင်္ဂလာ အတွက် ကျင်းပနေလေသည်။ ဘုရင်ကြီးနဲ့တကွ နန်းတွင်းအရာထမ်း၊ အမှုထမ်းများအားလုံးနှင့် တိုင်းသူပြည်သားများလည်း စိတ်ဝင်တစား လာရောက်ကြည့်ရှုကြလေသည်။ အားလုံးစိတ်ဝင်စားသည်က မင်းသား လေးရဲ့ အိမ်ထောင်ဖက်မိန်းကလေး မည်သူဖြစ်မလဲဆိုတာကို ပိုပြီး စိတ်ဝင်စားနေကြသည်။

မကြွယ်၊ မနွယ်တို့ ညီအစ်မနှစ်ဦးမှာလည်း ထိုပွဲသွားရောက်ဖို့ အစောကြီးကတည်းက အိပ်ရာမှထပြီး ပြင်ဆင်နေကြသည်။ သူတို့နှစ် ဦးမှာ စိတ်ကလော်နေ၍လားမသိ တစ်အိမ်လုံးပြောင်းဆန်နေသည်။ သူတို့ပွဲတက်ဖို့အတွက် ဖားမလေးကို အဝတ်အစားတွေပြင်ခိုင်း၊ ခေါင်းဖြီးခိုင်းစသဖြင့် ကိုယ်ရေးကိုယ်တာ တစ်ကိုယ်ရည်တစ်ကာယ လုပ်ငန်းများကိုပါ ခိုင်းနေလေသည်။

"ဟဲ့ ... ငါတို့ကို မြန်မြန်ပိုင်းကူဦး၊ တော်ကြာ ငါတို့ နောက်ကျ

mgyoe.com

mgyoe.com


နေမယ်" ဆိုပြီး ပွက်လောရိုက်နေသည်။ ဖားမလေးမှာ မကြွယ်တို့ အတွက် ဝိုင်းလုပ်ပေးနေရပေမယ့် ကျေးဇူးတင်ကြောင်း တစ်ခွန်းမှ မပြော၊ 'ကျေးဇူးတင်ပါတယ်' ဆိုသော စကားသည် သူတို့အတွက် ကျားမြီးပြေးဆွဲရသည်ထက် ခက်တယ်ဟု ခံယူထားသူဖြစ်မည်ထင်သည်။ ဖားမလေးကတော့ ဘာမှမပြော လုပ်စရာရှိတာကိုသာ အာရုံစိုက်လုပ်ပေးနေသည်။

ပွဲသွားဖို့အချိန်က နီးကပ်လာနေပြီဖြစ်သဖြင့် ဖားမလေးမှာ မကြွယ်တို့ ညီအစ်မနှစ်ဦးနဲ့အတူ အိမ်မှ နန်းတော်ဆီသို့ ခပ်သုတ်သုတ် ထွက်လာခဲ့ကြသည်။ နန်းတော်ကြီး၏ဂိတ်ဝမှာတော့ လုံခြုံရေးရဲမက်များကိုလည်း အများအပြားတွေ့ရသည်။ အံ့ဩဖွယ်ရာမရှိ ဘုရင့်သား၏ ပွဲဖြစ်ပေသည်ကိုး။ မကြွယ်တို့ ညီအစ်မနှစ်ဦး ဂိတ်ဝမှ တစ်ဆင့် နန်းတော်ဝင်းအတွင်း ဝင်ရန်ပြင်လိုက်ကြသည်။ မကြွယ်က "နင် မလိုက် ခဲ့နဲ့နော်၊ ဒီအပေါက်ဝမှာ ငါတို့ပြန်လာတဲ့အထိ စောင့်နေ၊ ဘယ်မှ လျှောက်သွားမနေနဲ့" ဆိုပြီး ဖားမလေးကို မှာထားခဲ့သည်။

ဖားမလေးမှာ ပျော်ရွှင်မြူးတူးနေသော ခြေလှမ်းများဖြင့် နန်းတော်ထဲ ဝင်သွားသည့် ညီအစ်မနှစ်ဦး၏ ကျောပြင်ကို ငေးကြည့်ရင်း အပြင်မှာ ကျန်ခဲ့ရသည်။ ဒါ့အပြင် အလိပ်လိုက်တက်လာတဲ့ ရင်ထဲက ဆို့နင့်ကြေကွဲဝမ်းနည်းမှုတွေကလည်း အလိုအလျောက်ဖြစ်ပေါ်လာလေသည်။ အားလုံးသော လူတွေ ပျော်နေကြချိန် သူကတော့ အပြင်မှာ စောင့်နေရမည်ကို မကျေနပ်။ သို့ပြင် မတတ်နိုင်သည့်အဆုံး ဖားမလေးမှာ ဂိတ်မှူးကြီးကို အသနားခံရလေသည်။

"ဂိတ်မှူးကြီးရယ် ... ကျွန်မကို အထဲဝင်ပြီး မင်းသားလေးရဲ့ ခေါင်းဆောင်မင်္ဂလာပွဲ ဆိုတာကို ကြည့်ခွင့်ပြုပါ၊ နောက်ပြီး မင်းသားလေးရဲ့ သတို့သမီးရွေးချယ်ပွဲကိုလည်း စိတ်ဝင်စားပါတယ်။ အဲဒါ

mgyoe.com

mgyoe.com


ကြောင့် ကျွန်မကို နန်းတော်ထဲ ဝင်ခွင့်ပြုပါ" လို့ တောင်းဆိုလေသည်။ ဂိတ်မှူးကြီးကတော့ ပထမတော့ခွင့်မပြုဘဲ၊ ဖားမလေးကို သနားသွားဟန်တူသည်။ နောက်ဆုံးတော့ ဖားမလေးကို နန်းတော်ထဲ ဝင်ခွင့်ပြုလိုက်လေသည်။

* * *

mgyoe.com

mgyoe.com


## အခန်း (၅)
## မင်းသားလေး၏ခေါင်းဆောင်မင်္ဂလာပွဲ

ဂိတ်မှူးကြီးရဲ့ကောင်းမှုကြောင့် ဖားမလေး နန်းတော်ဝင်းထဲ ရောက်ရှိ ဘခဲ့သည်။ ခမ်းနားကြီးကျယ်လှတဲ့ ပရိဝဏ်ကြီးမှာ မြင်မြင်သမျှ ခရာအားလုံးက ထူးဆန်းနေသည်။ မြင်ကွင်းအဆန်းတွေကို ကြည့် ရင်း ဥယျာဉ်ကြီးတစ်ခုထဲကို ဝင်လိုက်သည်။ ဥယျာဉ်ထဲ ဝင်လိုက် သည်နှင့် ကြာဖူး၊ ကြာပွင့်တွေအပြည့်နဲ့ လှပနေတဲ့ ရေကန်ကြီးတစ်ခု လည်း ရှိပေသည်။

"အိုး ... လှလိုက်တာပါကလား၊ ငါတစ်သက် ဒီလောက်လှတာ တစ်ခါမှ မတွေ့ခဲ့ဖူးပါလား၊ အံ့ဩစရာကောင်းလိုက်တာ" လို့ ဖားမ လေး ပါးစပ်မှအကြိမ်ကြိမ် တီးတိုးရေရွတ်နေလေသည်။

ရေကန်ကြီးရဲ့ ဘေးမှာတော့ ကြီးမားခန့်ညားသော မဏ္ဍပ်ကြီး တစ်ခုရှိနေသည်။ မဏ္ဍပ်ကြီးထဲမှာတော့ မင်းသားလေး၏ ခေါင်းဆောင် မင်္ဂလာပွဲအပြီး သတို့သမီးအရွေးခံမယ့် မိန်းမပျိုလေးများနဲ့ ပြည်သူ လူထု မင်းပရိသတ်တို့ကလည်း ဘယ်သူများ အရွေးခံရမလဲလို့ သိရှိ နိုင်ရေး စောင့်ဆိုင်းနေကြသည်။

mgyoe.com

mgyoe.com


မကြာခင် မင်းသားလေးရောက်လာသည်။ ပွဲကျင်းပရာနေရာဆီ မင်းသားလေး လျှောက်လှမ်းလာစဉ်မှာပင် မိန်းမပျိုလေးများအားလုံး မျက်လုံးတွေက မင်းသားလေးကို ဝိုင်းကြည့်ပြီး သူတို့စိတ်ထဲ မှတ်ချက်အမျိုးမျိုးပေးနေကြသည်။ ထင်ကြေးအမျိုးမျိုးပေးနေသံတွေ ...

"ဟယ် ... ချောလိုက်တာ၊ အသားအရည်က ဝင်းနေတာပဲ၊ ရုပ်ကလည်း တည်တယ်" စသည်ဖြင့် လူအုပ်ကြီးထဲမှ မျိုးစုံအောင် ပြောဆိုနေကြသည်။ ဖားမလေးလည်း လူပရိသတ်ထဲ ဝင်တိုးပြီး မင်းသားလေးကို ငေးကြည့်နေမိသည်။ မင်းသားလေးက သူရဲ့ သတို့သမီးရွေးချယ်မည့်အစီအစဉ်ကို ကြေညာလိုက်သည်။

"ကျွန်ုပ်ရဲ့ ကြင်ယာဖက်ရွေးချယ်မယ့်အစီအစဉ်ကို စပါတော့မယ်၊ သတို့သမီးလာအရွေးခံတဲ့ မိန်းမပျိုတွေ အလွန်များပြားနေတာကြောင့် နည်းလမ်းတစ်ခုကို စဉ်းစားထားပါတယ်။ အဲဒါကတော့ ကျွန်ုပ် လက်ထဲကနေ မိန်းမပျိုပရိသတ်ထဲကို စံပယ်ပန်းကုံးတစ်ကုံး ပစ်လိုက် ပါမယ်။ အဲဒီ ပန်းကုံးရရှိတဲ့သူ ဒါမှမဟုတ် အစွပ်ခံရသူသာ ကျွန်ုပ်ရဲ့ ကြင်ယာဖက် ဖြစ်ပါတယ်" လို့ မင်းသားလေးက ပရိသတ်အားလုံးကို အသိပေးလိုက်သည်။

ပြောပြီးသည်နှင့်တစ်ပြိုင်နက် မင်းသားလေးဟာ လက်ထဲက စံပယ်ပန်းကုံးကို မိန်းမပျိုများကြားထဲ ပစ်ထည့်လိုက်ချိန်မှာတော့ ပန်းကုံးငယ်ဟာ ဖားမလေးရဲ့လည်ကို စွပ်လျက်သားဖြစ်နေလေသည်။ ဖားမလေးမှာ မမျှော်လင့်သောဖြစ်ရပ်ကြောင့် တစ်ကိုယ်လုံးထူပူပြီး ဘာ လုပ်ရမှန်းမသိဖြစ်မိလေသည်။ လာရောက်အရွေးခံကြသော ကခြားမိန်းမပျိုမှာလည်း အဖြေပေါ်သွားပြီမို့ ခေါင်းငိုက်စိုက်ဖြစ်ကြသည်။ အားလုံးနည်းတူ ကာယကံရှင်မင်းသားလေးလည်း စိတ်ညစ်သွားလေ၏။ ဒါပေမဲ့ သူပြောထားသည့်ကတိအတိုင်း လုပ်ရပေတော့

mgyoe.com

mgyoe.com


မည်။ ဖားမလေးကို သူလက်ထပ်ပေတော့သည်။ ထိုနေ့မှစ၍ ဖား မလေးကို ဖားမင်းသမီးလေးလို့ ပြောင်းလဲခေါ်ဝေါ်ကြသည်။

* * *

mgyoe.com

mgyoe.com


## အခန်း (၆)
## ပထမတာဝန်ပေးအပ်ခြင်း

ပုဂံတိုင်းပြည်ကို အုပ်စိုးလာခဲ့ရင်း အသက်အရွယ် တဖြည်းဖြည်း ကြီးရင့်လာသည့် ဘုရင်ကြီးသည် သူ့ထီးနန်းအမွေဆက်ခံနိုင်မည့် သားတော်တစ်ပါးကို ရွေးချယ်မည်ဟု အကြံရ၏။ ဘုရင်ကြီးက "အင်း ခုဆိုရင် ငါဟာ အိုမင်းမစွမ်းအရွယ်ရောက်လာပြီ၊ ခါးတွေ ကိုင်း၊ ဒူးတွေနာ၊ မျက်စိမှုန်နဲ့ ငါ့ထီးနန်းအတွက် တစ်ခုခုစီစဉ်တော့မယ်" ဆိုပြီး သားတော်လေးပါးစလုံးကို ရှေ့တော်မှောက်ခစားစေ၏။

"သားတော်တို့ ... ခမည်းတော်ဟာ အသက်ကြီးလှပြီကွာ၊ တိုင်းပြည်ကို စီမံအုပ်ချုပ်ဖို့ မသင့်တော့ဘူး။ အေးအေးချမ်းချမ်း နားချင်တယ်။ ဒါကြောင့် သားတော်တို့ထဲက အရည်အချင်းရှိတဲ့လူကို ဘုရင်နေရာ အရိုက်အရာ ဆက်ခံခွင့်ရမယ်၊ ဒီတော့ မင်းတို့အားလုံးကို တာဝန်တစ်ခုပေးမယ်။ ပေးလိုက်တဲ့တာဝန်ကို အကောင်းဆုံးနဲ့ အကျေပွန်ဆုံးဖြစ်အောင် စွမ်းဆောင်နိုင်သူဟာ ထီးနန်းဆက်ခံခွင့်ရမယ့်သူပဲ" လို့ ဘုရင်ကြီးက ပြောလေသည်။

သားတော် လေးပါးစလုံးဟာ ဖခင်ဘုရင်ကြီးကို ချစ်ကြောက်

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


ရှိသေကြသဖြင့် မည်သည့်တာဝန်ပေးမလဲဆိုတာကိုသာ စောင့်ဆိုင်းနေကြ၏။ ဘုရင်ကြီးက 'အေး... ဒီနေ့ကစပြီး ၇ ရက်ပြည့်တဲ့နေ့ အာရုံမတက်ခင်အချိန်မှာ ငါ့အတွက် ရွှေသမင်တစ်ကောင် ဆက်သရမယ်၊ ဆက်သနိုင်သူကို ထီးနန်းဆက်ခံခွင့်ပြုမယ်' လို့ ဆိုပါသည်။ သားတော် အကြီး ၃ ပါးဟာ ဖခင်ညွှန်ကြားတဲ့အတိုင်း ရွှေသမင်ရှာရန် အလို့ငှာ တောထွက်ကြလေသည်။ အငယ်ဆုံးမင်းသားလေးကတော့ ဘယ်မှ မသွားဘဲ မိမိနန်းဆောင်သို့သာ ပြန်လာပြီး စဉ်းစားနေလေသည်။

ဖားမင်းသမီးလေးသည် ခင်ပွန်းဖြစ်သူ၏စိတ်နှလုံး မသာမယာ ရှိနေသည်ကို တွေ့ရသဖြင့် မေးမြန်းလေသည်။ မင်းသားလေးလည်း ဖြစ်ကြောင်းကုန်စင် ပြောပြသည်။ ထိုအခါ ဖားမင်းသမီးလေးက "မပူပါနဲ့အရှင့်သား ... ဒီပြဿနာကို ကျွန်တော်မျိုးမ ဖြေရှင်းပေးပါမည်။ စိတ်အေးအေးသာ ထားတော်မူပါ" လို့ ဆိုလေသည်။

၇ ရက်ပြည့်မြောက်လို့ မင်းကြီးထံ ရွှေသမင်ဆက်သရမည့် အချိန်ရောက်လေပြီ။ "ကဲ ... သားတော်တို့ကို တာဝန်ပေးလိုက်တာ အဆင်ပြေကြရဲ့လား" လို့ မေးလိုက်တယ်ဆိုရင်ပဲ သားတော်အကြီး ၃ ပါးက သူတို့အနေနဲ့ တောထဲက သမင်ကိုသာ ရခဲ့ကြောင်း လျှောက်တင်လေ၏။ အငယ်ဆုံးမင်းသားကတော့ ရွှေသမင်ကို ဆက်သနိုင်သဖြင့် မင်းကြီး ကျေနပ်အားရသွားသည်။

မင်းကြီးက သူပေးသောတာဝန်ကို ထမ်းဆောင်နိုင်ခဲ့သည့် မင်းသားလေးကို ချီးကျူးလေ၏။ "သားတော်လေးဟာ ... ငါကိုယ်တော်လိုချင်တဲ့ ရွှေသမင်ကို ရအောင်ရှာနိုင်ခဲ့လေပြီ။ ဒီတော့ ပြောတဲ့အတိုင်း ထီးနန်းလွှဲအပ်တော်မူမယ်" ဟု ဆိုလေရာ ကျန်သားတော်ကြီးများမှ "ခေတ္တဆိုင်းတော်မူပါအရှင်မင်းကြီး ... သားတော်တို့ ဒီတစ်ခေါက်

mgyoe.com

mgyoe.com


မင်းကြီးပေးတဲ့အလုပ်ကို မလုပ်နိုင်ခဲ့ပေမယ့် နောက်တစ်ကြိမ် အကောင်းဆုံးလုပ်ချင်လို့ အခွင့်အရေးပေးတော်မူပါ" လို့ လျှောက်တင်လေသည်။

မင်းကြီးလည်း သားတော်များ အချင်းချင်းစိတ်ဝမ်းမကွဲစေလိုခြင်း၊ သားတော်ကြီးများကို နောက်တစ်ကြိမ် အခွင့်အရေးပေးလိုခြင်းများကြောင့် တောင်းဆိုချက်ကို လိုက်လျောလိုက်သည်။

* * *

mgyoe.com

mgyoe.com


## အခန်း (၇)
## ဒုတိယတာဝန်ပေးအပ်ခြင်း

နောက်တစ်နေ့မနက်မှာတော့ ဘုရင်ကြီးဟာ ညီလာခံသဘင်အပြီးမှာ သားတော်တို့ကို ဒုတိယအကြိမ် တာဝန်ပေးမယ်။ ဒီနေ့ကစလို့ ၇ ရက်ပြည့်တဲ့နေ့ အာရုံမတက်ခင်အချိန်မှာ ငါ့ထံ မသိုးထမင်း၊ မသိုးဟင်း ပို့ဆောင်ဆက်သရမယ်။ ဆက်သနိုင်သူသာလျှင် ထီးနန်းဆက်ခံခွင့်ရမယ်' ဆိုပြီး ညွှန်ကြားလိုက်လေသည်။

မင်းသားလေးလည်း အိမ်သို့ပြန်လာပြီး ထိုကိစ္စအတွက် မည်သို့လုပ်ဆောင်ရမည်ကို စဉ်းစားလေ၏။ သို့သော်လည်း အဖြေမရဘဲ ခေါင်းစားနေရသည်။ ဖားမင်းသမီးလေးက သိလိုသော် ပြဿနာကို ပြောပြလိုက်သည်။ ဖားမင်းသမီးလေးက ဒီတစ်ကြိမ်မှာလည်း "မပူပါနဲ့ အရှင် ... ခုပြဿနာကို ကျွန်တော်မျိုးမ ဖြေရှင်းပေးပါမည်" လို့ အေးဆေးစွာပင် ပြောသည်။

ဒီလိုနဲ့ ၇ ရက်ပြည့်မြောက်သော် မင်းသားလေးသည် ဘုရင်ကြီးထံ မသိုးထမင်း၊ မသိုးဟင်းကို ဆက်သနိုင်လေသည်။ သားတော်ကြီးများကတော့ ဒုတိယအကြိမ်မှာလည်း မဆက်သနိုင်ပေ။ ဘုရင်ကြီးက

mgyoe.com

mgyoe.com


"သားတော်ငယ်လေးဟာ ဒုတိယအကြိမ်လည်း ... ငါကိုယ်တော် တာဝန်ပေးတဲ့အတိုင်း တာဝန်ကျေခဲ့လေပြီ။ ဒါကြောင့် ထီးနန်းဆက်ခံမယ့်သူဟာ သားတော်ငယ်လေးသာဖြစ်စေမယ်" ဟု ဆိုလေသည်။ သားတော်ကြီး ၃ ပါးကလည်း နောက်ဆုံးအကြိမ် အခွင့်အရေးပေးရန် တောင်းဆိုကြလေ၏။ ဘုရင်ကြီးလည်း သဘောတူလိုက်လျောပေးလိုက်သည်။

* * *

mgyoe.com

mgyoe.com


## အခန်း (၈)

## မင်းသားလေး ထီးနန်းအမွေရရှိခြင်း

ဘုရင်ကြီးက "ငါကိုယ်တော်ရဲ့ ထီးနန်းဆက်ခံသူ ရွေးချယ်ဖို့ သားတော်တို့ရဲ့ အရည်အချင်းကို စမ်းသပ်ခဲ့တာ ၂ ကြိမ်တိုင်ပြီ၊ ၂ ကြိမ်လုံး သားငယ်လေးပဲ ဖြေရှင်းနိုင်ခဲ့တယ်။ ကဲ ... ဒီတစ်ကြိမ်ကတော့ အားလုံးအတွက် နောက်ဆုံးစမ်းသပ်မှုဖြစ်ပေတယ်။ ပြဿနာဖြေရှင်းသူကို သေချာပေါက် ထီးနန်းအရိုက်အရာဆက်ခံသူဖြစ်စေရမယ်" လို့ ဆိုလေသည်။

ဘုရင်ကြီးစကားအဆုံးမှာတော့ သားတော် လေးပါးလုံး နောက်ဆုံးအခွင့်အရေးဖြစ်လေတာကြောင့် စိတ်လှုပ်ရှားနေကြသည်။ ဘုရင်ကြီးက "ဒီနေ့ကစ ၇ ရက်ကြာ မနက်မှာ တိုင်းပြည်ထဲက အလှဆုံး မိန်းမပျိုတစ်ဦးကို ငါ့ထံခေါ်လာပြီး ပြရမယ်"၊ ယခု တစ်ကြိမ်ကတော့ နောက်ဆုံးအခွင့်အရေးမို့ အားလုံးမျှော်လင့်ချက်ကိုယ်စီ ရှိနေကြသည်။

မင်းသားလေးက 'ဒီတစ်ခါတော့ ငါရှုံးမှာ သေချာသွားပြီ။ အစ်ကိုတော်တွေရဲ့ ဇနီးတွေဟာ သိပ်ကိုချောတဲ့အမျိုးသမီးတွေ' လို့တွေးပြီး စိတ်ပျက်နေလေသည်။

mgyoe.com

mgyoe.com


အိမ်ပြန်အရောက်မှာတော့ ဖားမင်းသမီးလေးကို ပြန်ပြောပြပြီး မဖြစ်နိုင်တော့ကြောင်း ပြောလေသည်။ ဖားမင်းသမီးလေးက "စိတ်မပျက်ပါနဲ့ မောင်တော်၊ အဲဒီနေ့မှာ စောင့်ကြည့်နေပါ" ဟု ပြောပြီး အဓိပ္ပာယ်ရှိသော အပြုံးဖြင့် ပြုံးလေသည်။

သို့ပေမဲ့ မင်းသားလေးကတော့ စိတ်မချမ်းမြေ့နိုင်ခဲ့ပေ။

အဲဒီလိုနဲ့ ဘုရင်ကြီးမှ ချိန်းဆိုထားသည့်ရက်သို့ ရောက်ရှိလာပြီဖြစ်သည်။ နန်းတော်ထဲမှာလည်း ဘယ်သူများထီးနန်းဆက်ခံခွင့်ရမလဲဆိုပြီး စိတ်ဝင်စားနေကြသည်။

မင်းသားလေးလည်း ဘာမှထူးခြားမှုမရှိတဲ့ ဖားမင်းသမီးကို ကြည့်ပြီး မျှော်လင့်ချက်မရှိတော့ဟု တွေးနေခိုက် ဘုရင်ကြီးက "ကဲ သားတော်တို့ကို ပြောတဲ့အတိုင်း လုပ်ဆောင်ခဲ့ကြပြီးပြီလား" လို့ မေးလိုက်တော့ . . .

အစ်ကိုသုံးယောက်က အောင်မြင်စွာပြီးစီးခဲ့ကြောင်း သံတော်ဦးတင်သည်။

မင်းသားလေးက ဖားမင်းသမီးလေးကို ရုတ်တရက်မတွေ့တော့သဖြင့် ကျိုးကန်းတောက်မှောက် လိုက်ရှာလေသည်။ ဘုရင်ကြီးက "သားတော်ငယ်လေး ဒီတစ်ကြိမ်အဆင်မပြေနိုင်တော့ဘူးထင်တယ်" လို့ ဆိုလိုက်စဉ်မှာပဲ ဖားမင်းသမီးလေး ထွက်လာပြီး သူမရဲ့ ခန္ဓာကိုယ်ပေါ်က အရေခွံတွေကို ခွာချအသွင်ပြောင်းပြီး နတ်သမီးတမျှလှပတဲ့ ပကတိလူအသွင်ကို ပြောင်းလဲလိုက်လေသည်။

မင်းသားလေးကိုယ်တိုင် အံ့အားသင့်ပြီး "ကြည့်ပါ ခမည်းတော် သားတော်ရဲ့ ကြင်ယာဖက် ဘယ်လောက်ချောတယ်ဆိုတာ" ဘုရင်ကြီးလည်း ထူးဆန်းတဲ့အဖြစ်ကြောင့် ထိတ်လန့်သွားတယ်။ ကျေလည်းကျေနပ်တော်မူတယ်။ နောက်ဆုံးတော့ ဘုရင်ကြီးက

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


"ကဲ ... အားလုံး မြင်တဲ့အတိုင်း သားတော်ငယ်လေးဟာ ပေးအပ်တဲ့ သုံးခုလုံးကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်လို့ ထီးနန်းလွှဲအပ်တော်မူတယ်" လို့ အစဉ်အလာအတိုင်း ထီးနန်းလွှဲအပ်ပွဲကျင်းပလေသည်။

နောက်ဆုံးမှာတော့ မင်းသားလေးနဲ့ ကြင်ယာဖက်တို့ဟာ တိုင်းပြည်ရဲ့ ဘုရင်နဲ့ ဘုရင်မဖြစ်လာပြီး အေးချမ်းစွာ အုပ်ချုပ်သွားကြလေတော့သည်။

❖

mgyoe.com

mgyoe.com


# အမှန်ကိုသိသွားတဲ့ ဒေစီပန်းလေး

သာယာလှပတဲ့ ဥယျာဉ်ကြီးတစ်ခုရဲ့အထဲမှာတော့ ရောင်စုံပန်းကလေးတွေ အစီအရီဖူးပွင့်နေခဲ့ကြတယ်။ နှင်းဆီ၊ သဇင်၊ ဂန္ဓမာ၊ ဂမုန်းစသည်ဖြင့် အမျိုးစုံလှကဲ့ပန်းလေးတွေ ကိုယ်စီအလှတွေကို ဆောင်လို့။ ဒါပေမဲ့ အဲဒီထဲမှာ ဒေစီပန်းလေးကတော့ သူဟာ အလှကင်းမဲ့နေတယ်လို့ သူ့ကိုယ်သူ ထင်မြင်နေပြီး စိတ်ပျက်အားငယ်နေခဲ့တယ်။

"ငါဟာ ပန်းတွေအားလုံးထဲမှာ အရုပ်ဆိုးဆုံးထင်ပါရဲ့။ ဘယ်သူကမှ ငါ့ကို ဂရုမစိုက်ဘူး။ လူတွေကလည်း ငါ့ကိုမသုံးဘူး" လို့ လွဲမှားတဲ့အတွေးအမြင်တွေဟာ သူ့အသိမှာ အမြဲလွှမ်းမိုးနေခဲ့တယ်။

သက်ပြင်းတွေကို အကြိမ်ကြိမ်ချရင်း ဒေစီပန်းလေးဟာ သူ့ကိုယ်သူ အပြစ်တင်နေမိတယ်။

"ဘာလို့ ငါ့ပုံက ဒီလိုကြီးဖြစ်လာရတာလဲ၊ ဘယ်အရာတွေကများ ဒီပုံဖြစ်စေခဲ့သလဲ" ကိုယ်တိုင်မေးခွန်းတွေထုတ် အဖြေရှာနေလေရဲ့။

"နှင်းဆီပန်းတွေဆို လှလိုက်ကြတာ နီရဲပြီး ဆွဲဆောင်မှုအပြည့်၊ သဇင်ဆိုလည်း ဒီလိုပါပဲ လှနေတာ၊ အခြားပန်းတွေအားလုံးလည်း

mgyoe.com

mgyoe.com


လှကြတယ်” လို့ ဒေစီပန်းလေးအမြဲ ရေရွတ်နေမိတယ်။

တစ်နေ့တော့ ငှက်ကလေးတစ်ကောင်ဟာ ဟိုဒီပျံသန်းရင်း ဥယျာဉ်ကြီးကိုတွေ့တော့ အံ့အားသင့်သွားလေတယ်။

‘ဥယျာဉ်ကြီးက လှလိုက်တာ စိမ်းစိုနေတာပါလား။ သစ်ပင်တွေ ပန်းလေးတွေကလည်း လေပြည်လေညင်းတွေကြားမှာ ဘယ်ညာယိမ်း ထိုးလို့ ကြည့်ရတာ အရမ်းသာယာတာပဲ။ ခဏတော့ ဒီမှာ နားရင် ကောင်းမယ်’ ဆိုပြီး ဥယျာဉ်ထဲကို ဆင်းလာတယ်။

ဥယျာဉ်ကြီးထဲ လျှောက်ကြည့်ပျံသန်းရင်း ပျော်ရွှင်မြူးတူးနေ လေရဲ့။

“ပန်းလေးတွေရဲ့ အနံ့ကို ရှူရှိုက်ရတာလည်း မွှေးလိုက်တာ” ဆိုပြီး ငှက်ကလေးဟာ ပန်းတွေအများကြီးကြားထဲကမှ ဒေစီပန်းလေး အနားကို ရောက်သွားပါတယ်။


“ငှက်ကလေးက “တွေ့ရတာဝမ်းသာပါတယ် ဒေစီပန်းလေးရေ၊ သာယာတဲ့ဥယျာဉ်ကြီးထဲမှာနေရတော့ မင်းတော်တော် ပျော်နေမှာပဲ” လို့ နှုတ်ခွန်းဆက်လိုက်တယ်။ ပန်းလေးကလည်း “မင်္ဂလာပါ ငှက်က လေးရေ ... ဒီဝင်းကြီးထဲ ပန်းမျိုးစုံလင်လှပါတယ်။ ဒီကြားထဲကမှ ငါ့နားမှာ လာရောက်နားတဲ့အတွက်လည်း ကျေးဇူးပါ” လို့ ပြန်ပြော လိုက်တယ်။

ဆက်ပြီး ပန်းလေးက “ငါဟာ ဒီဥယျာဉ်မှာရှိတဲ့ ပန်းတွေ အားလုံးထဲမှာ ရုပ်အဆိုးဆုံးပါ။ အဲဒီအတွက် နေ့တိုင်း ငါ စိတ်ညစ် နေခဲ့ရတယ်။ တကယ်လို့များ မင်းမှာ ငါ့ကိုလှပစေနိုင်မယ့် နည်းလမ်း ရှိရင် ပြောပေးပါလားကွာ” လို့ တောင်းဆိုလိုက်တယ်။

ဒီတော့ ငှက်ကလေးဟာ ဒေစီပန်းလေးရဲ့စိတ်ထဲက ခံစားချက် ကို နားလည်သွားပြီး “မင်းမှားနေပြီကွ၊ ဟုတ်တယ်၊ မင်းထင်မြင်ယူဆ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


ချက်တွေက လမ်းလွဲနေပြီ။ ဘာလို့ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်နေရတာလဲ၊ ပန်းတိုင်း ပန်းတိုင်းမှာ ကိုယ်စီအလှရှိကြပါတယ်။ ဒီလိုပဲပေါ့ လောကကြီးတစ်ခုလုံးမှာလည်း အားလုံးသော အရာတွေဟာ သူ့အလှနဲ့သူ၊ သူ့တန်ဖိုးနဲ့သူပါ။ မင်းရဲ့အမြင်မှားမှုတွေကို မေ့ဖျောက်ပစ်လိုက်ဖို့ ငါအကြံပေးပါရစေ၊ ဒါဆိုရင် မင်းကိုယ့်ကိုယ်ကိုယ် နားလည်လာပါလိမ့်မယ်" လို့ ဆိုပြီး ငှက်ကလေးက ပျံသန်းသွားလေတယ်။

ဒေစီပန်းလေးက ငှက်ကလေး ပြောခဲ့တဲ့စကားတွေကို အကြိမ်ကြိမ်စဉ်းစားပြီး၊ တဖြည်းဖြည်း သဲဘောပေါက်လာပြီး ကျေနပ်သွားတယ်။

"ကျေးဇူးတင်ပါတယ် ငှက်ကလေးရယ် ... ငါနားလည်သွားပါပြီကွာ"

❖

mgyoe.com

mgyoe.com


# အတုံ့အလှည့်ကစားပွဲ

မြေခွေးဆိုတဲ့သတ္တဝါဟာ ဘယ်တော့မဆို စိတ်ဓာတ်မကောင်း၊ ကောက်ကျစ်တတ်တဲ့ သဘောရှိတယ်လို့ လူတွေက လက်ခံထားကြတယ်။ တစ်ခါတုန်းက မြေခွေးတစ်ကောင်ဟာ သူ့မိတ်ဆွေ ကြိုးကြာငှက်ကို ညစာစားဖို့ ဖိတ်လိုက်တယ်။

ဒါပေမဲ့ မြေခွေးဟာ ရိုးသားတဲ့စိတ်နဲ့ ဖိတ်ကြားခြင်းမျိုးမဟုတ်၊ ကောက်ကျစ်တဲ့အကြံနဲ့ ဖိတ်ခြင်းသာ ဖြစ်ပါတယ်။

မြေခွေးဟာ စားစရာဟင်းရည်ကို ပန်းကန်ပြားထဲမှာ ထည့်ထားပြီး ...

"ကိုကြိုးကြာရေ ... အားရပါးရသောက်ပါ၊ ခင်ဗျားအတွက် သီး သန့်စီစဉ်ထားတာပါ" လို့ သရော်တဲ့အသံမျိုးနဲ့ ပြောလိုက်တယ်။

ကြိုးကြာဆိုတာကလည်း ဗျိုင်းလိုလည်တံရှည်တော့ ဒီပန်းကန်ပြားထဲက ဟင်းရည်ကိုသောက်ဖို့အရေး အခက်တွေ့နေလေရဲ့။ နောက်ဆုံးတော့ ကြိုးကြာဟာ လက်လျှော့လိုက်တယ်။

မြေခွေးက "စားလို့ကောင်းရဲ့လား၊ ဒါပေမဲ့ ခင်ဗျား စားတာကို

mgyoe.com

mgyoe.com





အားမရလိုက်တာဗျာ” ဆိုပြီး လှောင်လိုက်သေးတယ်။ ကြိုးကြာငှက်ဟာ ဘာမှပြန်မပြော နှုတ်ဆိတ်ပြီး အိမ်ပြန်လာခဲ့တယ်။

နောက်တစ်နေ့မှာတော့ ကြိုးကြာငှက်ဟာ မြေခွေးကို သူ့အိမ်မှာ ညစာစားဖို့ ပြန်ပြီးဖိတ်ခေါ်လိုက်တယ်။ မြေခွေးကလည်း အစားအသောက်ကောင်းတွေ စားရပြီဆိုတဲ့အကြံနဲ့ ရောက်လာခဲ့တယ်။

“ကိုမြေခွေးရေ ... လာဗျာ၊ ကျွန်တော် ခင်ဗျားအတွက် အကောင်း

mgyoe.com

mgyoe.com


ဆုံးဟင်း ပြင်ဆင်ထားပါတယ်၊ ခင်ဗျားကို ကျွေးဖူးတင်လွန်းလို့ပါ ဗျာ” ဆိုတော့ မြေခွေးက ...

“ရပါတယ်ဗျာ၊ ပြောရမယ့်သူတွေမဟုတ်ပါဘူး” ဆိုပြီး

ဟင်းရည်ကိုသောက်ဖို့ အောက်ကို ခေါင်းငုံ့လိုက်တယ်၊ ဟင်းရည်က စောက်နက်တဲ့ခွက်ထဲ ထည့်ထားတာဆိုတော့ မြေခွေးဒုက္ခရောက်တော့တာပေါ့။ မြေခွေးလည်း ရှက်ရှက်နဲ့ အကြိမ်ကြိမ် ကြိုးစားကြည့်ပေမယ့် အဆင်မပြေခဲ့ဘူး။

ကြိုးကြာငှက်ကတော့ လည်တံရှည်တာမို့ အဆင်ပြေပြေသောက်လို့ရတယ်။

အားရပါးရစားမယ်လို့ကြံထားတဲ့ မြေခွေး နောက်ဆုံးတော့ ဆာဆာနဲ့ လက်လျှော့ပြီးတော့ ပြန်သွားရလေတယ်။ ဒီတစ်ခါတော့ မြေခွေးခံလိုက်ရရှာတယ်။

❖

mgyoe.com

mgyoe.com


## မှော်ဆန်ဆန်ပန်းကန်ပြား

တစ်ခါတုန်းက ရွာတစ်ရွာမှာ ဂျိန်းအိုင်းဆိုတဲ့ လူငယ်လေးတစ်ယောက်ရှိတယ်။ သူနေထိုင်တဲ့ရွာလေးဟာ မြို့နဲ့အလှမ်းကွာဝေးပေမယ့် မြေဩဇာကောင်းတဲ့နေရာဖြစ်တာကြောင့် တစ်ရွာလုံးဟာ ထွန်ယက် စိုက်ပျိုးတဲ့တောင်ယာအလုပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုနေထိုင်လာခဲ့တဲ့ အေးချမ်းတဲ့ရွာလေးပေါ့။

သို့သော်လည်း ဒီနှစ်မှာတော့ ရာသီဥတုတွေဖောက်ပြန်လို့ သူတို့တစ်ရွာလုံး ဒုက္ခရောက်ပြီး လယ်ယာအလုပ်တွေပျက် အစာရေစာလည်း ရှားပါးလာခဲ့ရတယ်။ ရွာလေးဟာလည်း ဆင်းရဲတွင်းနက်လာခဲ့ရတယ်။ ဂျိန်းတို့မိသားစုဆိုရင်လည်း နေ့တိုင်းထမင်းရည်နဲ့သာ နှစ်ပါးသွားနေရတယ်။

ဂျိန်းဟာ တစ်ရက် တစ်ရက် ထမင်းရည်သောက်ရတာကို ငြီးငွေ့လာခဲ့ပြီး တစ်နေ့တော့ "အင်း ... ဒီလိုသာစားရရင် ငါတို့မိသားစုတော့ ဒုက္ခရောက်တော့မယ်။ ဟင်းစားလေး ဘာလေးရအောင် အမဲလိုက်ဦးမှပဲ" လို့ အကြံရပြီး တစ်ယောက်တည်း တောထဲကို ထွက်

mgyoe.com

mgyoe.com




လာခဲ့တယ်။

ဂျိန်းဟာ တောလမ်းအတိုင်းလျှောက်လာရင်း တစ်နေရာအရောက် မှာတော့ သစ်ပင်တစ်ပင်ရဲ့အခြေမှာ အရောင်လက်နေတဲ့ ထူးဆန်းတဲ့ ပန်းကန်ပြားတစ်ချပ်ကို တွေ့လိုက်တယ်။ "ပန်းကန်လေးက ထူးဆန်း

mgyoe.com